# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ၃၀ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၇-၇-၂၀၁၄ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာစိုးရင်၊ ကမာရွတ် မဲဆန္ဒနယ်၏ **အင်းလျားကန်ပေါင်တွင် လာရောက်အပန်းဖြေသူများနှင့် ကျန်းမာရေးအတွက် လေ့ကျင့်ခန်း ပြုလုပ်သူများ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု ရှိစေရန်အတွက် မင်္ဂလာဒုံလမ်းဘက်ပိုင်းတွင် အရံအတားအဖြစ် သံပန်းခြံစည်းရိုး ခတ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမင်းဆွေ၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **သဃာ်န်းကျွန်းစံပြဈေးကြီးတွင် ဈေးသည်များ စည်းကမ်းတကျဖြစ်စေရေး မည်ကဲ့သို့ဆောင်ရွက် မည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမောင်မောင်စိုး၊ အဂ်ပူ မဲဆန္ဒနယ်၏ **အဂ်ပူမြို့နယ်ရှိ ညောင်ကုန်း–ဝက်လဟာ ရေကာတာအား ထပ်မံမြှင့်တင်ပေးရန်နှင့် ရေထွက်ပြွန်အား ကွန်ကရစ်တံခါးဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးပိုက်ကို၊ ပခုက္ကူ မဲဆန္ဒနယ်၏ **ပခုက္ကူမြို့၊ စည်ပင်သာယာ အမှတ် (၂) ဈေးအတွင်းရှိ အာဇာနည်ကျောက်တိုင်အား သင့်တော်သော နေရာသို့ ပြောင်းလဲပေးပါရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဇောင်းခေါင်၊ ဆော့လော် မဲဆန္ဒနယ်၏ **ဆော့လော်မြို့နယ်၊ ဘန်ချောင်း လူကူးကြိုးတံတားအား ပျဉ်ခင်းတံတားသစ်အဖြစ် ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးကျော်မြင့်၊ မြန်အောင် မဲဆန္ဒနယ်၏ **မြန်အောင်မြို့နယ်၊ ငါးကတ်ကျကျေးရွာအုပ်စုရှိ ယာမြေများပေါ်တွင် ပုဂ္ဂလိကပိုင် ရေနံချက်ဖို ၂၁ ခု ရှိနေခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စု အစိုးရ အနေဖြင့် မည်ကဲ့သို့ အရေးယူပေးမည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးရဲထွဋ်ဦး၊ နတ်တလင်း မဲဆန္ဒနယ်၏ **နတ်တလင်းမြို့နယ် ပြည်သူ့ဆေးရုံရှိ အရေးပေါ်လူနာတင်ယာဉ်အဟောင်းကို အပ်နှံပြီး ယာဉ်အသစ် ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးမောင်မောင်၊ သာယာဝတီ မဲဆန္ဒနယ်၏ **သာယာဝတီမြို့နယ်၊ ကျွဲသတ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ချထားပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးမျိုးဆွေ၊ တနိုင်း မဲဆန္ဒနယ်က **“ရွှေဘို–မြစ်ကြီးနား ပြည်ထောင်စု လမ်းမကြီး၏ ကချင်ပြည်နယ်လမ်းပိုင်းအား စံချိန်စံညွှန်း ကိုက်ညီပြီး ရေရှည်ခိုင်ခံ့ကောင်းမွန်သော ကတ္တရာလမ်းအဖြစ် အမြန်ဆုံး တည်ဆောက် ပေးရေးနှင့် နိုင်ငံတော်၏ ဘတ်ဂျက်ခွဲဝေပေးမှုအတိုင်း လမ်းတည်ဆောက် ထားရှိမှု ရှိ၊ မရှိ စစ်ဆေးရေးအဖွဲ့ဖွဲ့စည်း၍ စစ်ဆေးပေးပါရန် နိုင်ငံတော် အစိုးရသို့ တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **“ အမျိုးသား ပညာရေးဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်း လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ၃၀ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၁ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။